Vol.1 (1), July 2021




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## Market Information System

စိုက်ပျိုးရေးဦးစီးဌာန

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(www.doa.gov.mm, doamisppme@gmail.com, +၉၅ ၆၇ ၃၄၁၀၅၃၈

## ပါဝင်သောအကြောင်းအရာများ

- ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ❖ နံ့စားသီးနှံ
  - ❖ ဆီထွက်သီးနှံ
  - ❖ ပဲမျိုးစုံ
  - ❖ စားဖိုဆောင်သီးနှံ
- ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ပေါ်ဆန်းနှင့် မနောသုခစပါး ဈေးနှုန်းများ ဇွန်လအတွင်း ဈေးနှုန်းမြင့်တက်နေခြင်း
- မြေပဲ၊ နေကြာဈေးနှုန်းများနှင့် စားသုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်း
- မတ်ပဲဈေးနှုန်းမြင့်တက်လာသော်လည်း ပဲတီစိမ်းဈေးနှုန်းအတက်အကျဖြစ်နေခြင်း
- ငရုတ်ဈေးနှုန်းတည်ငြိမ်နေပြီး ခရမ်းချဉ်ဈေးနှုန်းမြင့်တက်လျက်ရှိခြင်း

စာမျက်နှာ ၂ မှ ၄



စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- နိုင်ငံအလိုက် အာလူးတင်ပို့မှု
- ကမ္ဘာတစ်ဝှမ်း ဝါထုတ်လုပ်သည့်ဒေသများ၏ ထက်ဝက်ခန့်သည် ရာသီဥတုဆိုးဝါးမှုဒဏ်နှင့် ကြုံတွေ့နိုင်ခြင်း
- တရုတ်နိုင်ငံ၏ စပိန်လိမ္မော်သီးဈေးကွက်
- မြန်မာ့ကုန်သွယ်မှုအခြေအနေ (နယ်စပ်ကုန်သွယ်မှု၊ ပဲမျိုးစုံ၊ ကြက်သွန်နီ၊ သကြားဈေးနှုန်း)
- မြန်မာ့ဈေးကွက်အခြေအနေ

စာမျက်နှာ ၅ မှ ၆







# နှံစားသီးနှံဈေးကွက်

## စပါး







- ပေါ်ဆန်း
  - ဇွန်လအတွင်း ပေါ်ဆန်းမွှေးတစ်တင်း ဈေးနှုန်းမှာ ယခင်လထက်(၃%မှ ၁၈%) ခန့်အထိ မြင့်တက်လျက်ရှိပြီး ရန်ကုန်ဈေးကွက်၌ သိသာစွာမြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။
  - ဈေးကွက်အတွင်း၌ တစ်တင်းလျှင် အနိမ့်ဆုံး(၇၀၀၀)ကျပ်မှ အမြင့်ဆုံး (၁၂၀၀၀)ကျပ်အထိ ဈေးနှုန်းဖြစ်ပေါ်နေပါသည်။
- မနောသုခ
  - မနောသုခစပါး တစ်တင်းဈေးနှုန်းမှာ ဇွန်လအတွင်း နေပြည်တော်ဈေးကွက်တွင် ယခင်လထက်(၆%)ခန့် ကျဆင်းခဲ့သည်မှလွဲ၍ အခြားဈေးကွက်များတွင် (၃%မှ ၂၉%)ခန့်အထိ မြင့်တက်လျက်ရှိပါသည်။
  - ဈေးကွက်အတွင်း၌ တစ်တင်းလျှင် အနိမ့်ဆုံး(၆၃၀၀)ကျပ်မှ အမြင့်ဆုံး (၉၀၀၀)ကျပ်အထိ ရှိနေပါသည်။

- **အစေ့ထုတ်ပြောင်း**

○ ဇွန်လအတွင်း မန္တလေးဈေးကွက်၌ ယခင်လထက် တစ်တင်းလျှင် (၂၉%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး နေပြည်တော်နှင့် ကရင်ဈေးကွက်၌ (၃%မှ ၁၅%) ခန့် ဈေးနှုန်းကျဆင်းခဲ့သော်လည်း ကချင်နှင့် မကွေးဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။

○ ဇွန်လအတွင်း ဈေးကွက်၌ တစ်တင်းလျှင် အနိမ့်ဆုံး (၈၀၀၀)ကျပ်မှ အမြင့်ဆုံး(၁၁၀၀၀) ကျပ်အထိ ရှိနေပါသည်။

### အစေ့ထုတ်ပြောင်းဈေးနှုန်းနှိုင်းယှဉ်ချက်

| ဈေးကွက် | ယူနစ် | မေလ | ဇွန်လ | ခြားနားချက်(%) |
|---|---|---|---|---|
| နေပြည်တော် | ကျပ်/တင်း | ၉၅၀၀ | ၈၀၀၀ | (-)၁၅.၇၉ |
| ကချင် | ကျပ်ိ/တင်း | ၉၀၀၀ | ၉၀၀၀ | ၀.၀၀ |
| ကရင် | ကျပ်/တင်း | ၉၃၀၀ | ၉၀၀၀ | (-) ၃.၂၃ |
| မကွေး | ကျပ်/တင်း | ၉၅၀၀ | ၉၅၀၀ | ၀.၀၀ |
| မန္တလေး | ကျပ်/တင်း | ၈၅၀၀ | ၁၁၀၀၀ | (+) ၂၉.၄၁ |



# ဆီထွက်သီးနှံဈေးနှုန်းများ

## ♣ မြေပဲ၊ နှမ်း၊ နေကြာ

| ဈေးကွက်အမည် | မြေပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ | ဇွန်လ | ခြားနားချက်(%) |
| နေပြည်တော် | ၁၀၀၀၀ | ၁၂၀၀၀ | (+)၂၀.၀၀ |
| ကချင် | ၁၆၀၀၀ | ၁၅၀၀၀ | (-) ၆.၂၅ |
| ကရင် | ၁၃၀၀၀ | ၁၂၅၀၀ | (-) ၃.၈၅ |
| တနင်္သာရီ | ၁၄၀၀၀ | ၁၅၄၀၀ | (+)၁၀.၀၀ |
| မကွေး | ၁၀၈၅၀ | ၁၀၀၀၀ | (-) ၇.၈၃ |
| မန္တလေး | ၁၇၅၀၀ | ၂၁၀၀၀ | (+)၂၀.၀၀ |
| ရခိုင် | ၁၅၅၀၀ | ၁၃၅၀၀ | (-) ၁၂.၉၀ |
| ရန်ကုန် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |







○ ဇွန်လအတွင်း မြေပဲ(အတောင့်)ဈေးနှုန်း တစ်တင်းလျှင် (၁၀၀၀၀)ကျပ်မှ (၂၁၀၀၀) ကျပ်အထိရှိနေပြီး ဈေးကွက်အများစု၌ ယခင်လထက် (၂၀%) မြင့်တက်ခဲ့ပါသည်။

○ နှမ်း(နက်)တစ်တင်းလျှင် (၄၀၀၀၀)ကျပ်မှ (၈၀၀၀၀)ကျပ်အထိရှိနေပြီး ယခင်လထက် နေပြည်တော်၌(၃၃%)ခန့် ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဈေးကွက်အများစု၌ ဈေးနှုန်း တည်ငြိမ်လျက်ရှိပါသည်။

○ နေကြာတစ်တင်းဈေးနှုန်း ဇွန်လအတွင်း မွန်ပြည်နယ်၌ ယခင်လထက် (၄၀%)ခန့် ကျဆင်းခဲ့သော်လည်း ဈေးကွက်အတွင်း မြေပဲဆီ၊ နေကြာဆီဈေးနှုန်းများ မြင့်တက်လာကာ နှမ်းဆီဈေးနှုန်းမှာမူ တည်ငြိမ်နေပါသည်။

## မတ်ပဲ






## ပဲပုပ်




### မတ်ပဲ

- မတ်ပဲဈေးနှုန်းသည် ဇွန်လအတွင်း ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်ဈေးကွက်များတွင် ယခင်လထက် တစ်တင်းလျှင် (၂%မှ ၁၃%) ခန့်အထိ ကျဆင်းခဲ့သော်လည်း အခြား ဈေးကွက်များ၌ ယခင်လထက်(၃%မှ ၄၄%) အထိ ဈေးနှုန်းမြင့်တက်နေပါသည်။
- ဈေးကွက်အတွင်း တစ်တင်းလျှင် အနိမ့်ဆုံး (၂၅၀၀၀)ကျပ်မှ အမြင့်ဆုံး(၅၆၀၀၀)ကျပ် အထိ ဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါသည်။

# ပဲမျိုးစုံ ဈေးကွက်အခြေအနေ

## ပဲတီစိမ်း

| ဈေးကွက်အမည် | ပဲတီစိမ်းဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ | ဇွန်လ | ခြားနားချက်(%) |
| နေပြည်တော် | ၄၀၀၀၀ | ၃၀၀၀၀ | (-)၂၅.၀၀ |
| ကချင် | ၄၁၀၀၀ | ၃၃၀၀၀ | (-)၁၉.၅၁ |
| ကရင် | ၃၃၀၀၀ | ၃၃၀၀၀ | ၀.၀၀ |
| တနင်္သာရီ | ၃၂၀၀၀ | ၃၅၂၀၀ | (+)၁၀.၀၀ |
| မကွေး | ၃၁၀၀၀ | ၄၁၀၀၀ | (+)၃၂.၂၆ |
| မန္တလေး | ၃၂၀၀၀ | ၄၁၃၀၀ | (+)၂၉.၀၆ |
| မွန် | ၃၂၅၀၀ | ၃၂၅၀၀ | ၀.၀၀ |
| ရခိုင် | ၄၀၀၀၀ | ၃၃၀၀၀ | (-)၁၇.၅၀ |
| ရန်ကုန် | ၅၇၀၀၀ | ၅၇၀၀၀ | ၀.၀၀ |

- ပဲတီစိမ်းဈေးနှုန်းမှာ ဇွန်လအတွင်း ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၅၇၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်ပေါ်နေပါသည်။
- ဇွန်လအတွင်း နေပြည်တော်၊ ကချင်နှင့် ရခိုင်ပြည်နယ်ဈေးကွက်တို့၌ ယခင်လထက် တစ်တင်းလျှင် (၁၇%မှ ၂၅%)ခန့် ဈေးနှုန်း ကျဆင်းခဲ့ပြီး အခြားဈေးကွက်များ၌ (၁၀% မှ ၃၂%) အထိ မြင့်တက်လျက်ရှိပါသည်။

## ကုလားပဲ




## ပဲစဉ်းငုံ




## ကုလားပဲ၊ ပဲစဉ်းငုံနှင့် ပဲပုပ်

- ဇွန်လအတွင်း ကုလားပဲဈေးနှုန်းမှာ မကွေး ဈေးကွက်၌ ယခင်လထက် (၄%)ခန့် ကျဆင်း ခဲ့ပြီး နေပြည်တော်ဈေးကွက်၌ (၁၇%) ခန့် မြင့်တက်ခဲ့ပါသည်။
- ကုလားပဲဈေးနှုန်းသည် ဇွန်လအတွင်း တစ် တင်းလျှင် အမြင့်ဆုံး(၄၆၀၀၀)ကျပ်ဖြင့် ဈေး နှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

- ပဲစဉ်းငုံ(နီ)ဈေးနှုန်းမှာ ယခင်လဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဇွန်လအတွင်း (၂% မှ ၃၂%)ခန့် အထိ မြင့်တက်လာခဲ့ပါသည်။
- ဇွန်လအတွင်း ဈေးကွက်အတွင်း၌ ပဲစဉ်းငုံ(နီ) တစ်တင်းလျှင် အနိမ့်ဆုံး(၂၂၀၀၀)ကျပ်မှ အမြင့်ဆုံး (၃၃၀၀၀) ကျပ်အတွင်း ဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပါသည်။

- ပဲပုပ်ဈေးနှုန်းသည် ဇွန်လအတွင်း ဈေး ကွက်အတွင်း၌ အမြင့်ဆုံး (၃၃၀၀၀) ကျပ် ရှိနေပါသည်။
- ဇွန်လအတွင်း ယခင်လထက် (၄%မှ ၁၇%) ခန့်အထိ ဈေးနှုန်းမြင့်တက်လာခဲ့ပါသည်။

# ကြက်သွန်နီ








# ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

- ဇွန်လအတွင်းဈေးကွက်၌ ကြက်သွန်နီ တစ်ပိဿာလျှင် အနိမ့်ဆုံး(၄၀၀)ကျပ်မှ အမြင့်ဆုံး(၁၂၀၀)ကျပ်၊ ကြက်သွန်ဖြူမှာ (၂၁၀၀)ကျပ်မှ (၄၀၀၀)ကျပ်အထိ ရှိနေပါသည်။
- ယခင်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကြက်သွန်နီမှာ မန္တလေးဈေးကွက်၌(၇၅%)ခန့်နှင့် ကြက်သွန်ဖြူမှာ (၈၂%)ခန့်ဖြင့် သိသိသာသာ ဈေးမြင့်လာသော်လည်း ကြက်သွန်နီနှင့် အဖြူ ဈေးနှုန်းမှာ ဈေးကွက်အများစု၌ တည်ငြိမ်နေပါသည်။
- ကချင်ပြည်နယ်ရှိ ကြက်သွန်နီဈေးနှုန်းသည် တစ်ပိဿာလျှင် အမြင့်ဆုံး(၁၂၀၀)ကျပ်နှင့် ကြက်သွန်ဖြူဈေးနှုန်းမှာ ကရင်ပြည်နယ်တွင် (၄၀၀၀)ကျပ်အထိ သိသာစွာမြင့်တက်ခဲ့ပါသည်။

# ငရုတ်

## ငရုတ်(အစို)ဈေးနှုန်း(ကျပ်/ပိဿာ)

| ဈေးကွက်အမည် | မေလ | ဇွန်လ | ခြားနားချက်(%) |
|---|---|---|---|
| နေပြည်တော် | ၄၀၀၀ | ၇၀၀၀ | (+)၇၅.၀၀ |
| ကရင် | ၃၀၀၀ | ၃၀၀၀ | ၀.၀၀ |
| မကွေး | ၁၅၀၀ | ၃၅၀၀ | (+)၁၃၃.၀၀ |
| မန္တလေး | ၁၁၀၀ | ၁၁၀၀ | ၀.၀၀ |
| ရခိုင် | ၁၂၀၀ | ၁၂၀၀ | ၀.၀၀ |
| ရန်ကုန် | ၂၀၀၀ | ၂၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၂၅၀၀ | ၂၅၀၀ | ၀.၀၀ |

- ငရုတ်(အစို)တစ်ပိဿာလျှင် နေပြည်တော်၌ ယခင်လအမြင့်ဆုံး(၄၀၀၀)ကျပ်ရှိနေရာမှ ဇွန်လအတွင်း(၇၀၀၀)ကျပ်သို့ မြင့်တက်ခဲ့ပြီး အများအားဖြင့် ဈေးနှုန်းတည်ငြိမ်နေပါသည်။

# စားဖိုဆောင်သီးနှံဈေးနှုန်းများ



## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | မေလ | ဇွန်လ | ခြားနားချက်(%) |
| နေပြည်တော် | ၃၂၀၀ | ၂၅၀၀ | (-)၂၁.၈၈ |
| ကရင် | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| မကွေး | ၂၈၀၀ | ၃၅၀၀ | (+)၂၅.၀၀ |
| မန္တလေး | ၁၃၀၀ | ၂၅၀၀ | (+)၉၂.၃၁ |
| ရခိုင် | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ရန်ကုန် | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ဧရာဝတီ | ၂၁၀၀ | ၂၁၀၀ | ၀.၀၀ |

## ခရမ်းချဉ်




- ယခင်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ခရမ်းချဉ် ဈေးနှုန်းသည် ဇွန်လအတွင်း တစ်ပိဿာလျှင် (၂၀%မှ ၁၀၀%)ခန့်အထိ ဈေးမြင့်လာခဲ့ပါသည်။
- ဇွန်လအတွင်း ဧရာဝတီဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး(၃၀၀၀)ကျပ် ရှိခဲ့ပါသည်။

## ငရုတ်(အခြောက်)




- နေပြည်တော်ဈေးကွက်၌ ငရုတ်(အခြောက်) တစ်ပိဿာလျှင် ယခင်လဈေးနှုန်း(၇၀၀၀)ကျပ်မှ ယခုဇွန်လအတွင်း (၁၄၀၀၀)ကျပ်နှင့်၊ မကွေးဈေးကွက်၌(၅၀၀၀)ကျပ်မှ(၈၀၀၀)ကျပ်အထိ အသီးသီးဈေးနှုန်း မြင့်တက်ခဲ့ပါသည်။
- သို့သော် ဈေးကွက်အများစု၌ ဈေးနှုန်း တည်ငြိမ်လျက်ရှိပါသည်။

# ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

## နိုင်ငံအလိုက်အာလူးတင်ပို့မှု

- ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာ အနေဖြင့် နိုင်ငံအလိုက်အာလူးတင်ပို့မှုမှ အမေရိကန်ဒေါ်လာစုစုပေါင်း(၄.၃)ဘီလီယံရရှိခဲ့ပါသည်။
- ပြုပြင်ထုပ်ပိုးထားခြင်းမရှိသော အာလူးကုန်ကြမ်း တင်ပို့မှုတန်ဖိုးအမြင့်ဆုံးရရှိသော (၁၅)နိုင်ငံတွင် နယ်သာလန်နိုင်ငံသည် (၈၂၅.၉USD Million) ဖြင့် ပထမနေရာတွင် ရောက်ရှိနေခဲ့ပြီး နောက်ဆုံးနေရာတွင် ရောက်ရှိနေခဲ့သည့် ရုရှားသည်ပင် (၅၀.၅ USD Million) တန်ဖိုးရှိနေခဲ့ပါသည်။
- အေးခဲ(သို့)အေးခဲထားခြင်းမရှိသော ပြုပြင်ထုပ်ပိုးထားသည့် အာလူးတင်ပို့မှုမှ စုစုပေါင်းဒေါ်လာ (၂.၅)ဘီလီယံရရှိခဲ့ပါသည်။ တူရကီသည် တန်ဖိုး (၂.၀ USD Billion)ဖြင့် ပထမနေရာနှင့် အီဂျစ်နိုင်ငံသည် တန်ဖိုး(၅၈.၄ USD Million)ဖြင့် (၁၅) နိုင်ငံမြောက်နေရာတို့တွင် အသီးသီးရှိနေခဲ့ပါသည်။




၂၀၂၀ ပြည့်နှစ်အတွင်း ပြုပြင်ထုပ်ပိုးထားခြင်းမရှိသည့် အာလူးကုန်ကြမ်းတင်ပို့မှု အမြင့်ဆုံးတန်ဖိုးရရှိခဲ့သည့် နိုင်ငံများ

Source: https://www.worldstopexports.com/potatoes-exports-bycountry/

## ကမ္ဘာ့ဝါစိုက်ပျိုးဒေသထက်ဝက်ခန့်သည် ဆိုးဝါးသည့် ရာသီဥတုဒဏ် ကြုံတွေ့နိုင်ခြင်း

- ရာသီဥတုပြောင်းလဲခြင်းများဖြစ်စေသော အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာမှုနှင့် ၂၀၄၀ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် ပြင်းထန်သောရာသီဥတုအခြေအနေများသည် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဝါစိုက်ပျိုးဒေသအားလုံး၏ ထက်ဝက်ခန့်ကို သဘာဝဘေးတစ်ခုခုမှ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်သည်ဟု ခန့်မှန်းထားကြောင်း Willis Towers Watson ၏ ရာသီဥတုနှင့်ခံနိုင်ရည်ရှိမှုအဖွဲ့အစည်း၏ အချက်အလက်များအရ သိရှိရပါသည်။
- ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုလျှော့ချရေးကတိကဝတ်များ ဖောက်ဖျက်နေကြခြင်းကြောင့် ယခုရာစုနှစ်အကုန်တွင် အပူချိန်(၃°C)ထက် ပို၍ မြင့်တက်နိုင်ချေရှိနေပါသည်။
- ရာသီဥတုသက်ရောက်မှုကို တားဆီးလိုပါက ယခုအချိန်မှစ၍ ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် အရေးတကြီး လိုအပ်နေပါသည်။
- ဝါသည်ကမ္ဘာ့အထည်အလိပ်ဈေးကွက် အသုံးပြုမှု၏(၃၁%)ခန့်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေးနှစ်စဉ်ဝင်ငွေ အနေဖြင့် ဒေါ်လာ(၆၀၀)ဘီလီယံကျော်ရှိနေပါသည်။

 

Source: https://economictimes.indiatimes.com/news/ economy/agriculture/halfof-global-cotton-growing-regions-may-face-severe-climate-riskstudy

## တရုတ်နိုင်ငံ၏ စပိန်လိမ္မော်သီးဈေးကွက်

- တရုတ်နိုင်ငံတောင်ပိုင်းရှိ ရှောက်သံပုရာ စိုက်ပျိုးထုတ်လုပ်ရာဒေသများ၌ လွန်ခဲ့သော စိုက်ပျိုးရာသီတွင် မိုးသီးနှင့်မိုးရွာသွန်းမှုဒဏ်ကြောင့် အရည်အသွေးကျဆင်းခဲ့ပြီး ဈေးကွက်ထိခိုက်မှုများဖြစ်ပေါ်ကာ စိုက်ပျိုးသူများနှင့် ကုန်သည်များအတွက် စိန်ခေါ်မှုကြီးမားစွာ ရင်ဆိုင်နေရပါသည်။
- ယခုနှစ်တွင် စပိန်နိုင်ငံမှလိမ္မော်သီးများ တင်သွင်းခွင့်ပြုခဲ့သော်လည်း တရုတ်တင်သွင်းသူများမှ ယခုရာသီ၌ တင်သွင်းမှုများ မပြုလုပ်ဘဲ အီဂျစ်နှင့် အမေရိကန်လိမ္မော်သီးများကို ဈေးကွက်၌ ရောင်းချနေကြပါသည်။
- ဝယ်ယူရရှိမှုပမာဏ ကန့်သတ်မှုရှိသော ကြောင့် ဝယ်လိုအားကောင်းမွန်ပြီး ဈေးနှုန်းမြင့်မားရန် အလားအလာရှိနေပြီး လာမည့်ရာသီတွင် ဝယ်ယူသူများ၏ လိုအပ်သောပမာဏကို တင်သွင်းပေးမည်ဖြစ်ပါသည်။

Source: https://www.freshplaza.com/article/9301884/overview-global-orangemarket/ https://www.alibaba.com/product-detail/Fresh-oranges-Hotsale directsupply_1600222988207.html?spm=a2700.pc_countrysearch.main07.

## မြန်မာ့ ကုန်သွယ်မှုအခြေအနေ

- ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ သတင်းများအရ တာချီလိတ်နယ်စပ်မှ တရုတ် နယ်စပ်သို့ ဇွန်လဒုတိယပတ်အတွင်း တင်ပို့မှု-
  - (ရှမ်းကမ္ဘာကုမ္ပဏီမှ တစ်သျှူးငှက်ပျော (၆) တန် (၂.၈၀၈ ကျပ်သန်း)
  - ရွှေနန့်ပန်ကုမ္ပဏီမှ ဝဥခြောက်(၃၂)တန် (၇၇.၃၂ ကျပ်သန်း)
  - ယူနစ်ကုမ္ပဏီမှ ရော်ဘာတန်(၄၀) (၁၅၈.၅၆ ကျပ်သန်း)
  - ဇွန်ပထမအပတ်ထက် တစ်သျှူးငှက်ပျော တင်ပို့မှု(၁၂)တန်လျော့နည်းခဲ့ပြီး ဝဥခြောက်နှင့် ရော်ဘာ(၃၂)တန်နှင့် တန်(၄၀)ပိုမို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်မရှိခဲ့ပါ။

### ပဲမျိုးစုံတင်ပို့မှု

- စီးပွား/ကူးသန်းဝန်ကြီးဌာနသတင်းအရ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်း ယခုဇွန်လအထိ နယ်စပ်ဒေသမှ ပဲမျိုးစုံတန်ချိန်(၇)သိန်းကျော်ခန့် (၅၅၄.၀၁ USD Million) တင်ပို့ခဲ့ပါသည်။

### ကြက်သွန်နီဈေးနှုန်းကျဆင်းမှု

- တရုတ်နယ်စပ်ဂိတ်များတွင် COVID-19 စစ်ဆေးမှုများတင်းကြပ်နေခြင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင်လည်း COVID-19 ရောဂါကူးစက်ပြန့်ပွားမှုများကြောင့်အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ဆက်လက်တင်ပို့ရန်ကြိုးပမ်းနေသော်လည်း တင်ပို့နိုင်ခြင်းမရှိသေးသဖြင့် စံချိန်တင်ဈေးနှုန်းများ ကျဆင်းလျက်ရှိပါသည်။

- ဆောင်းကြက်သွန်နီအသစ်များပေါ်ချိန်တွင် နိုင်ငံရေးအပြောင်းအလဲများနှင့်အတူ ပြည်တွင်းစားသုံးမှုကျဆင်းနေပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ရပ်ဆိုင်းသွားခြင်းကြောင့် ကြက်သွန်နီတစ်ပိဿာလျှင်(၃၀၀)ကျပ်အောက်အထိထိုးကျကာ တောင်သူများစိုက်ပျိုးကုန်ကျစရိတ်ထက်နည်းနေသဖြင့် အရှုံးပေါ်လျက်ရှိသည့်အပြင် ပွဲရုံပွဲစားများမှာလည်း တောင်သူများထံမှ ဝယ်ယူသိုလှောင်ရန် ဘဏ်များမှ ငွေသားထုတ်ယူမှု ခက်ခဲခြင်းကြောင့် မဝယ်ယူနိုင်သည့် အခြေအနေရှိနေပါသည်။

- မြန်မာတောင်သူကြီးများဂျာနယ်မှသတင်းအရ (၂၀၁၉-၂၀၂၀)တွင် တန်ချိန် (၁၃၀၀၀၀)ကျော် (၅၁ USD Million) တင်ပို့နိုင်ခဲ့ပါသည်။

## သကြားဈေးနှုန်းမြင့်တက်လာခြင်း

- ♣ မန္တလေးသကြားနှင့် သကာရည်ကုန်စည်ဒိုင် အသင်းမှ သတင်းများအရ ပြည်ပမှ သကြား ဝင်ရောက်မှုမရှိခြင်းနှင့် ပြည်တွင်းဈေးကွက် လက်ကျန်နည်းပါးခြင်းတို့ကြောင့် ယခင်နှစ် တွင် တစ်ပိဿာ(၁၀၀၀)ကျပ်အောက်ရှိခဲ့ရာမှ ယခုနှစ်တွင် (၄)နှစ်တာအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်သော သကြားတစ်ပိဿာလျှင် (၁၃၀၀) ကျပ်အထိ ရရှိခဲ့ပါသည်။

- ♣ ကပ်ရောဂါဖြစ်ပွားခြင်းနှင့် ဈေးကွက်မကောင်းသည့်အတွက် ပြည်တွင်းစိုက်ပျိုးမှုလျော့ကျခြင်းနှင့်ပြည်ပ ဈေးကွက်တွင်လည်း ဈေးနှုန်း မြင့်မားနေခြင်းကြောင့် တင်သွင်းနိုင်ခြင်း မရှိသည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ပါသည်။

- ♣ နိုင်ငံတကာ သကြားဈေးကွက်ထုတ်ပြန်နေသည့် International Sugar Organization (ISO) Website ၌ ၂၀၂၁ခုနှစ်၊ မတ်လ (၁)ရက်နေ့ သကြားဈေးနှုန်းမှာ တစ်တန်လျှင် (၄၅၀.၇၅)ဒေါ်လာမှ ဧပြီလ(၂၈)ရက်နေ့တွင် (၄၇၇.၉)ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

- ♣ ဧပြီလနောက်ဆုံးပတ်တွင် မူဆယ်နယ်စပ် ကုန်သွယ်ရေးဈေးကွက်၌ ကြံတစ်တန်လျှင် (၃၄၃ USD)နှင့် မြဝတီနယ်စပ်တွင် သကြား တစ်တန်လျှင်(၄၉၀USD)အထိ မြင့်တက်လျက် ရှိပါသည်။

- ♣ သို့သော် ပြည်တွင်းစားသုံးရန် သကြား လုံလောက်စွာရှိသည့်အတွက် အဆမတန် ဈေးနှုန်းကြီးမြင့်နိုင်သည့် အလားအလာမရှိပါကြောင်း မြန်မာတောင်သူကြီးများ ဂျာနယ် သတင်းများအရ သိရှိရပါသည်။



Source: https://www.commerce.gov.mm
https://www.thefarmermedia.com/news/16208 https://www.thefarmermedia.com/news/16228

# မြန်မာ့ဈေးကွက်အခြေအနေ

## ဆန်နှင့်ဆီ

- ✓ ၂၀၂၁ခုနှစ် မေလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တို့တွင် ဆန်ဈေးနှုန်းများသည် ယခင်လထက်(၃-၁၀%)အထိ မြင့်တက်ခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ကချင်နှင့် ရခိုင်ပြည်နယ် တောင်ပိုင်းတွင် (၁%)ဝန်းကျင် ဈေးနှုန်း တည်ငြိမ်လျက်ရှိသည်။
- ✓ ယခင်နှစ်ကုန်ရှိဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း စုစုပေါင်း(၉%)ကျော်မြင့်တက်ခဲ့ခြင်းဖြစ်ပြီးအမြင့်ဆုံးအနေဖြင့် ရခိုင်ပြည်နယ်အလယ်ပိုင်းတွင်(၁၉%)ကျော်၊ ကချင်ပြည်နယ်တွင် (၁၈%) ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၄%) ကျော် ရှိခဲ့ပါသည်။
- ✓ ယခင်နှစ်ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့်တောင်ပိုင်း၊ ကချင်ပြည်နယ်တို့တွင် နှစ်ဆခန့်(၅၄%)အထိ ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်သည်။
- ✓ လောင်စာဆီဈေးနှုန်းများနှင့် သယ်ယူပို့ဆောင်ရေးနှုန်းထားများ၊ စစ်ဆေးရေးဂိတ်များ၌ အခကြေးငွေကောက်ခံခြင်းတို့အပြင် ဘဏ်စနစ်၏ စိန်ခေါ်မှုကြောင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်မြင့်တက်ခြင်းကြောင့် ဈေးနှုန်း မြင့်မားလာခြင်းဖြစ်ပါသည်။

- ✓ စားအုန်းဆီဈေးနှုန်းများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (၂၇-၅၃%)၊ ရခိုင်နှင့် ရှမ်းပြည်နယ်အတွင်း (၁၇%)နှင့်(၂၅-၂၉%)၊ ဘက်စုံသုံးရောနှောဆီ ဈေးနှုန်းများသည် စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း (၂၆%)နှင့် (၁၆-၃၈%)၊ ကယားပြည်နယ်အတွင်း(၅၇%) အသီးသီး ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ✓ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယခင်လထက် လောင်စာဆီဈေးနှုန်းမှာ (၁၄-၂၀%)သို့ သိသာစွာ မြင့်တက်လာခဲ့ပြီး ဤဆီဈေးနှုန်းများ မြင့်တက်ခြင်းသည် ကမ္ဘာတစ်ဝှမ်း ဈေးနှုန်းမြင့်တက်မှုများကြောင့် သွင်းကုန်ကန့်သတ်ချက်များ (ရန်ကုန်၊ မန္တလေးအဓိကအရင်းအမြစ်နေရာများ၊ ထိုင်းနယ်စပ်)နှင့် ပြည်တွင်းသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်မြင့်မားခြင်းကြောင့်ဖြစ်ပါသည်။
- ✓ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဟင်းချက်ဆီသည်ပျမ်းမျှ(၅၂%) (မကွေးတိုင်းဒေသကြီးတွင် နှစ်ဆမြင့်တက်လာခဲ့ပြီး ရခိုင်ပြည်နယ်အလယ်ပိုင်းတွင်၆၉%)ဘက်စုံသုံးရောနှောဆီသည် ပျမ်းမျှ (၄၇)%အထိ မြင့်တက်ခဲ့ပါသည်။

## ပဲမျိုးစုံ

- ❖ ၂၀၂၁ခုနှစ် နှစ်ဆန်းကာလရှိဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် မေလအတွင်း ပဲအမျိုးမျိုး၏ ပျှမ်းမျှဈေးနှုန်းသည်၅-၆%(ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်-၃၆%၊ မကွေးတိုင်းတွင်-၂၀%)မြင့်တက်ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပဲမျိုးစုံပျမ်းမျှဈေးနှုန်း (၁၇)% မြင့်တက်ခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ပျမ်းမျှ(၅၃)%မြင့် တက်ခဲ့ပါ သည်။

## ကြက်သွန်နီ

- ▪ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက မေလတွင် ကြက်သွန်နီပျမ်းမျှဈေးနှုန်း ကျဆင်းနေပြီး ရှမ်းပြည်နယ်မှလွဲ၍ ဒေသအားလုံးတွင်(၁၀)%မှ (၄၀)%အကြား ကြက်သွန်ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။

## ခရမ်းချဉ်

- ခရမ်းချဉ်ဈေးနှုန်းများသည် ယခင်လနှင့် နှိုင်းယှဉ်လျှင် မေလအတွင်း ပျမ်းမျှ(၂၂%) မြင့်တက်လျက်ရှိပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင်(၇၆)%၊ ကချင်ပြည်နယ်တွင်(၄၇)%၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် (၄၄)%နှင့် ချင်းပြည်နယ်တွင် (၁၉)%ကျော်နှင့် ရှမ်းပြည်နယ်တွင် (၈)%ကျော် မြင့်တက်လာခဲ့ပါသည်။
- ဤသို့ဈေးနှုန်းမြင့်တက်ခြင်း၏ အဓိကအချက်များမှာခရမ်းချဉ်သီးများ ရရှိနိုင်မှုနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များကြောင့် ဖြစ်ပါ သည်။
- သို့သော်မကွေးတိုင်းဒေသကြီးတွင် (၁၀)%ခန့်နှင့်ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် (၅)%ခန့် ကျဆင်း သွားပါသည်။

Source:https://reliefweb.int/report/myanmar/myanmar-market-price-update-may-2021
World Food Programme
(WFP Myanmar 2021)

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

# Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

* မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email : doamisppme@gmail.com



ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်
စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရုံးအမှတ်(၄၃)၊ နေပြည်တော်